INVERTER

**Panasonic**®



# အသုံးပြုပုံလမ်းညွှန်
# ရေခဲသေတ္တာ

အိမ်သုံး

**Model No.:** NR-BL263

## အကြောင်းအရာ


- ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန် ..... 2
- အသုံးပြုမှုအတွက် ကြိုတင်သတိပြုရန် ..... 4
- စက်ကိရိယာ တပ်ဆင်အသုံးပြုခြင်း ..... 6
- အစိတ်အပိုင်းများအကြောင်း ရှင်းပြခြင်း ..... 7
- အပူချိန် ထိန်းချုပ်မှု ..... 7
- အသုံးပြုရန် အကြံပြုချက်များ ..... 8
- ရေခဲပြုလုပ်စက်ဖြင့် ရေခဲတုံးပြုလုပ်နည်း ..... 8
- ရေခဲသေတ္တာအား သန့်ရှင်းအောင်ပြုလုပ်ပုံ ..... 9
- ပြဿနာအား ရှာဖွေရှင်းပေးခြင်း ..... 11
- ခွဲခြားဖော်ပြပေးခြင်း ..... 12


### ■ NON-CFC
ဤယူနစ်သည် အေးခဲစေမှု (R600a) နှင့် လျှပ်ကာကွယ်မှု (Cycle-Pentance) နှစ်ခုလုံးအတွက် NON-CFC ကိုသာ အသုံးပြုပေးထားသည်။ ထို့ကြောင့် ဤရေခဲသေတ္တာသည် ကမ္ဘာမြေ၏ အိုဇုန်းလွှာကို မထိခိုက်စေပါ။

Panasonic စက်ပစ္စည်းအား ဝယ်ယူအသုံးပြုသည့်အတွက် ကျေးဇူးတင်ပါသည်။
- ဤစက်ပစ္စည်းအား အသုံးမပြုမီ စာမျက်နှာ ၂ မှ ၅ အထိ ဖော်ပြထားသော အသုံးပြုပုံလမ်းညွှန်အား ဖတ်ရှုပြီး လမ်းညွှန်မှုအတိုင်း အသုံးပြုပါ။
- ဝယ်ယူသည့်နေ့စွဲနှင့် ဆိုင်အမည်အား အာမခံကဒ်ပြားပေါ်တွင် တံဆိပ်ခတ်ပြီး သေချာအောင်စစ်ဆေးပါ။ ၄င်းကို ဤလည်ပတ်မှုညွှန်ကြားချက်များနှင့်အတူ သိမ်းဆည်းထားပါ။

RBD


ARAH1E202370
P0520-0
Printed in Vietnam

## ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန်

ဤလမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ

### WARNING

ဤသင်္ကေတသည် ပြင်းထန်စွာဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းကို ဖြစ်စေနိုင်သော ဘေးအန္တရာယ်ကို သတိပေးသည်။

### CAUTION

ဤသင်္ကေတသည် ဒဏ်ရာအသေးအမွှားရခြင်း သို့မဟုတ် အရာဝတ္ထုပျက်စီးခြင်းကို ဖြစ်ပေါ်စေနိုင်သော အန္တရာယ်ကို သတိပေးသည်။

ဤသင်္ကေတများသည် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ရန် တားမြစ်ကြောင်းဆိုလိုသည်။

ဤသင်္ကေတသည် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ပေးရန် လိုအပ်ကြောင်းဆိုလိုသည်။

ဤသင်္ကေတသည် လျှပ်စစ်ရှော့ဖြစ်ခြင်းမှ ကာကွယ်တားဆီးရန် စက်ပစ္စည်းကို မြေစိုက်ကြိုးချခြင်းပြုလုပ်ရမည်ဖြစ်ကြောင်းဆိုလိုသည်။

R600a

**iso-butane**

မီးလောင်နိုင်သည်။ မီးလောင်နိုင်သော အရာဝတ္ထု

## WARNING

တစ်နည်းအားဖြင့် မီးလောင်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ လျှပ်စစ်ရှော့ဖြစ်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။

### အသုံးပြုစဉ်တွင်

- အေးခဲနေသော လျှပ်စီးပတ်လမ်း (နောက်ဘက်ရှိ ပိုက်လိုင်းများ) ကို မပျက်စီးစေနှင့်။
- အပူချိန်မြင့်မားသောကြောင့် လောင်ကျွမ်းအန္တရာယ်ရှိနိုင်သည့်အတွက် ဖိသိပ်စက်နှင့် ပိုက်လိုင်းများကို မထိပါစေနှင့်။
- ကလေးငယ်အား မှောက်လှန်စေနိုင်သဖြင့် ရေခဲသေတ္တာတံခါးကို မည်သည့်ကလေးများမှ ဆွဲထားခြင်း မပြုမိစေနှင့်။
- ရေခဲသေတ္တာပေါ်တွင် မည်သည့်ရေဘူးမှ တင်ထားခြင်းမပြုလုပ်ပါနှင့်။ ထိုရေဘူးမှ ယိုစီးသော ရေကြောင့် လျှပ်စစ်ရှော့ သို့မဟုတ် လောင်ကျွမ်းခြင်းဖြစ်စေနိုင်သည်။
- သယ်ဆောင်ရလွယ်ကူသည့် ပလတ်ပေါက်များနှင့် လျှပ်စစ်ပစ္စည်းများကို ရေခဲသေတ္တာနောက်တွင် မထားပါနှင့်။
- ရေခဲသေတ္တာတွင်ပါရှိသော သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ထားသော လေဝင်လေထွက်ပေါက်များကို ပိတ်ဆို့မှု မရှိစေပဲ ရှင်းလင်းထားရမည်။

---

- ဤပစ္စည်းသည် (ကလေးများအပါအဝင်) ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံစားမှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်မှု အားနည်းသော လူပုဂ္ဂိုလ်များ သို့မဟုတ် အတွေ့အကြုံနှင့် အသိပညာမရှိသေးသူများ အသုံးပြုရန်အတွက် ရည်ရွယ်ထားခြင်းမဟုတ်သောကြောင့် ထိုသူတို့၏ ဘေးကင်းလုံခြုံမှုအတွက် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးမှ ပစ္စည်း၏ အသုံးပြုပုံကို ရည်မှတ်ကြီးကြပ်မှု သို့မဟုတ် ညွှန်ကြားချက်ပေးမှုဖြင့် အသုံးပြုရမည်။
- ကလေးများသည် ပစ္စည်းနှင့် ဆော့ကစားခြင်းမရှိစေရန် ကြီးကြပ်ပေးရမည်။

### ထုတ်ကုန်ကို ပြန်လည်အသုံးပြုနိုင်ရန်ဆောင်ရွက်သည့်အခါ

- ရေခဲသေတ္တာကို ပြန်လည်အသုံးပြုနိုင်ရန် မဆောင်ရွက်မီ ကလေးများ အထဲတွင် ပိတ်မိနေနိုင်သဖြင့် ရေခဲသေတ္တာတံခါးအားလုံးကို ဖယ်ရှားပစ်ပါ။
- အထက်တွင်ဖော်ပြထားသော သတိပေးအညွှန်းများကို ရေခဲသေတ္တာအသုံးပြုသည့် သက်တန်းတစ်လျှောက် လိုက်နာဆောင်ရွက်ရမည်။
- ရေခဲသေတ္တာကို အခြားတစ်နေရာသို့ပြောင်းရွှေ့ခြင်းနှင့် ပြန်လည်အသုံးချမည့် စက်ရုံသို့ ပေးပို့သည့်အခါ အသုံးပြုမည့် သို့မဟုတ် ကိုင်တွယ်မည့် မည်သူ့ကိုမဆို အသုံးပြုပုံလမ်းညွှန်ကို လက်ဆင့်ကမ်းပေး သင့်သည်။
- ဒေသဆိုင်ရာဥပဒေများနှင့် စပ်လျဉ်း၍ ဤရေခဲသေတ္တာ၏ လျှပ်ကာပစ္စည်းအတွက် Cyclo-Pentance ကို အသုံးပြုထားသည်။ ဤယူနစ်ကို စွန့်ပစ်သည့်အခါ စနစ်တကျစွန့်ပစ်ပါ။ မီးမရှို့ပါနှင့်။

တစ်နည်းအားဖြင့် မီးလောင်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ လျှပ်စစ်ရှော့ဖြစ်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။

# WARNING

## လျှပ်စစ်ပလပ်ခေါင်းနှင့် မီးကြိုးအတွက်

- ရေစိုလက်ဖြင့် ပလတ်ခေါင်းထိုးခြင်း သို့မဟုတ် ဖြုတ်ခြင်းမပြုလုပ်ရ။
- ပလတ်ခေါင်း သို့မဟုတ် မီးကြိုးကို ပျက်စီးမသွားပါစေနှင့်။

---

- သန့်ရှင်းရေးပြုလုပ်နေစဉ် ပါဝါပလတ်ကို ဖြုတ်ထားပါ။
- စံနှုန်းပြည့်သော လျှပ်စစ်စီးကြောင်းနှင့်အတူ စံနှုန်းပြည့် ဗို့အားပေး နံရံပလတ်ပေါက်တွင် ပလတ်ခေါင်းကို အဆုံးထိ ထိုးပါ။
- ရေခဲသေတ္တာအတွက် ပလတ်ပေါက်တစ်ခု သီးသန့်ထားရှိပါ။ တူညီသော ပလတ်ပေါက်တစ်ခုတည်းမှ စက်ကိရိယာများစွာ ချိတ်ဆက်အသုံးပြုခြင်းနှင့် မီးကြိုးတစ်ခုမှ ဖြန့်ကြက်အသုံးပြုခြင်းကို ရှောင်ရှားပါ။
- ပါဝါပလတ်မှ ဖုန်မှုန့်များကို အခါအားလျော်စွာ ဖယ်ရှားပေးပါ။
- အကယ်၍ တွယ်တန်းထားသော မီးကြိုးပျက်စီးသွားလျှင် ဘေးအန္တရာယ်ဖြစ်ခြင်းမှ ရှောင်ရှားနိုင်စေရန် ယင်းအစားကုန်ထုတ်လုပ်သူ၊ ၎င်း၏ ဝန်ဆောင်မှုကိုယ်စားလှယ် သို့မဟုတ် အလားတူအရည်အချင်းပြည့်မီသော ပစ္စည်းများနှင့် အစားထိုးရမည်။
- လောင်ကျွမ်း၍ အနံ့ဆိုးနေသည်ကို သင်သတိပြုမိပါက ပါဝါပလတ်ကို ဖြုတ်ပြီး မီးဖိုချောင်အား လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ပါ။
- ပုံမှန်မဟုတ်ခြင်း သို့မဟုတ် ပျက်ကွက်မှုတခုခုရှိနေလျှင် ယူနစ်ကို ချက်ခြင်း ပလတ်ဖြုတ်ပြီး ရေခဲသေတ္တာအသုံးပြုခြင်းကို ရပ်တန့်လိုက်ပါ။ ဥပမာအားဖြင့် –
  - ပလတ်ခေါင်း သို့မဟုတ် ပါဝါကြိုးသည် ပုံမှန်ထက် ပူနေခြင်း
  - ပါဝါကြိုး ပြတ်တောက်နေခြင်း သို့မဟုတ် ပုံပျက်နေခြင်း
  - လောင်ကျွမ်း၍ အနံ့ဆိုးထွက်နေခြင်း
  - ဓာတ်လိုက်၍ တစစ်စစ်ခံစားရခြင်း။

## အရေးပေါ်အခြေအနေတွင်

R600a
iso-butane

- ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို အလုပ်ရုံမှ ကောင်းစွာလေ့ကျင့်ထားသော ပြုပြင်ထိန်းသိမ်းရေး အလုပ်သမားနှင့်သာ ဆောင်ရွက်ရန်။
- မီးလောင်နိုင်သော လောင်စာနှင့် ဓာတုပစ္စည်းများ သို့မဟုတ် သိပ္ပံနည်းကျနမူနာများ ပါဝင်သည့် Aerosol ဘူးများကဲ့သို့သော ပေါက်ကွဲနိုင်သည့် အရာများကို စက်ကိရိယာထဲတွင် သိမ်းဆည်းထားခြင်းမပြုရ။
- ရေခဲသေတ္တာထဲတွင် အနံ့ချွတ်ဆေးကဲ့သို့သော လျှပ်စစ်ပစ္စည်းများမသုံးရ။ ယိုစိမ့်နေသော ရေခဲသေတ္တာသည် လျှပ်စီးပတ်လမ်း၏ မီးပွားတစ်ခုမှ မီးစွဲလောင်ပြီး ပေါက်ကွဲမှုဖြစ်ပေါ်စေနိုင်သည်။
- ကုန်ထုတ်လုပ်သူမှ အကြံပြုထားသော စက်ကိရိယာအမျိုးအစားမဟုတ်လျှင် အစားအစာသိုလှောင်ခန်းအတွင်းတွင် လျှပ်စစ်ပစ္စည်းများကို မသုံးပါနှင့်။

---

- ရေခဲသေတ္တာကို သင်ကိုယ်တိုင် အစိတ်အပိုင်းများဖြုတ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း သို့မဟုတ် ပြုပြင်ခြင်းမပြုလုပ်ရ။ ထိုသို့ပြုလုပ်လိုပါက သင့်ကုန်သည် သို့မဟုတ် တရားဝင် ဝန်ဆောင်မှုစင်တာနှင့် တိုင်ပင်ပါ။
- ရေခဲသေတ္တာမှ ရေခဲဖယ်ရှားနိုင်မှုကို အရှိန်မြှင့်လုပ်ဆောင်နိုင်ရန် ကုန်ထုတ်လုပ်သူ အကြံပြုထားသော စက်ကိရိယာမှလွဲ၍ အခြားစက်မှုကိရိယာ သို့မဟုတ် အခြားသောနည်းလမ်းများအသုံးမပြုရ။

## ရေခဲသေတ္တာကို နေရာချသည့်အခါ

- မညီမျှမှုကြောင့် ဖြစ်ပေါ်နိုင်သောအန္တရာယ်မှ ရှောင်ရှားရန် ရေခဲသေတ္တာကို ခိုင်မာစွာထားပါ။
- ရေခဲသေတ္တာကို နေရာချထားစဉ်တွင် သွယ်တန်းသည့်ကြိုးအား ညပ်မိစေခြင်း သို့မဟုတ် ပျက်စီးစေခြင်းမရှိစေနှင့်။

- ရေခဲသေတ္တာကို မြေစိုက်ကြိုးချထားသော ပင်မပလတ်ပေါက်တွင် ထိုးထားရမည်။

တစ်နည်းအားဖြင့် ထိခိုက်ဒဏ်ရာ ရရှိခြင်း၊ မတော်တဆထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်သည်။

# CAUTION

## ရေခဲသေတ္တာတံခါးများကို အဖွင့်၊အပိတ်ပြုလုပ်သောအခါ


- ရေခဲသေတ္တာဖွင့်စဉ်တွင် တံခါးကိုကိုင်ထားသော အခြားသူတစ်ဦး၏ လက်ကို မညှပ်မိစေရန် သတိပြုပါ။
- တံခါးများအကြား အဟာများကို သတိပြုပါ။ ရေခဲသေတ္တာတံခါး ပိတ်သောအခါ သင်၏လက်ကို ညှပ်နိုင်ပါသည်။





## အစားအစာများ သိုလှောင်သောအခါ

- ထိခိုက်ဒဏ်ရာရရှိစေနိုင်သည့်အတွက် ဖန်ပုလင်းများကို အေးခဲအောင်မထားပါနှင့်။ (ဖန်ပုလင်းထဲရှိ အရည်များအေးခဲပြီး ပုလင်းအက်ကွဲကာ သင့်အားအနာတရဖြစ်စေနိုင်ပါသည်။)
- ဖန်ထည်အောက်ခံပြားအပေါ်တွင် သက်ရောက်မှုများသောအရာများမထားပါနှင့်။ (တစ်နည်းအားဖြင့် ထိုဖန်ထည်များ အက်ကွဲ၍ သင့်အားအနာတရဖြစ်စေနိုင်ပါသည်။)



## ရေခဲသေတ္တာကို နေရာပြောင်းရွှေ့သောအခါ

- သယ်ယူပို့ဆောင်သည့်အခါ ရေခဲသေတ္တာကို တင်းကျပ်စွာ ကိုင်ထားပါ။
- ပျက်စီးလွယ်သော မျက်နှာပြင်ရှိ ကြမ်းခင်းများတွင် အကာအကွယ်ပေးသည့် အဖုံးများထားပါ။




# အသုံးပြုမှုအတွက် ကြိုတင်သတိပြုရန်

## ရေခဲသေတ္တာတံခါးများ အဖွင့်/အပိတ်ပြုလုပ်သောအခါ

- အအေးခန်းထက်ကြီးသော အရာဝတ္ထုများမထည့်ပါနှင့်။ တံခါးကို အလုံမပိတ်နိုင်ပဲ လေအေးများယိုစိမ့်မှုဖြစ်စေနိုင်သည်။
- ရေတစက်စက်ယိုကျခြင်းနှင့် စွမ်းအင်ဖြုန်းတီးခြင်းမှကာကွယ်ရန် ရေခဲသေတ္တာတံခါးများကို ဖွင့်ပြီး အချိန်ကြာမြင့်စွာထားရှိခြင်း သို့မဟုတ် မကြာခဏဖွင့်ခြင်း မပြုလုပ်ပါနှင့်။
- တံခါးတွင်တပ်ဆင်ထားသော ရော်ဘာကွင်းကို မကြာခဏစစ်ဆေးပါ။ ၎င်းသည် ရေခဲသေတ္တာကိုယ်ထည်နှင့် လုံးဝကပ်နေရပါမည်။

## သန့်ရှင်းရေးပြုလုပ်သောအခါ

- ရေခဲသေတ္တာအား ဓာတုပစ္စည်း သို့မဟုတ် အရည်ဖြင့် သန့်ရှင်းအောင်မပြုလုပ်ပါနှင့်။ ယင်းသည် ပျက်စီးမှုကိုဖြစ်ပေါ်စေပြီး မျက်နှာပြင်ပေါ်တွင် ချေးခြင်းများဖြစ်ပေါ်စေသည်။
- စိုထိုင်းခြင်းမှ ဖြစ်ပေါ်လာသော အနံ့ဆိုးများကို ကာကွယ်ရန် ရေခဲသေတ္တာ၏ အနောက်ဖက်ရှိ ဖိသိပ်စက်အပေါ်တွင်ရှိသော ရေငွေ့ပျံအိုးကို သုံးလတစ်ကြိမ် ရှင်းလင်းပေးရမည်။



# အသုံးပြုမှုအတွက် ကြိုတင်သတိပြုရန်


## အသုံးပြုသောအခါ




- ပလတ်ဖြုတ်ထားသောအခါ ပလတ်ပြန်မတပ်မီ အချိန် ၅ မိနစ်ခန့်ထားပါ။ ချက်ခြင်းပြန်တပ်လျှင် ဖိသိပ်စက်အလုပ်လုပ်လိမ့်မည်မဟုတ်။
- စွမ်းအင်ချွေတာရေးအတွက် အမှန်တကယ်အသုံးပြုသော အနေအထားသို့ အပူချိန်ကို ချိန်ညှိထားရှိပါ။
- လတ်ဆတ်သောပစ္စည်းခန်း၏ စိုထိုင်းမှုသည် ငွေ့ရည်ပုံမှုများသဖြင့် အခါအားလျော်စွာ အဝတ်စဖြင့် သုတ်ပစ်ပေးရမည်။ လတ်ဆတ်သောပစ္စည်းခန်းကို တစ်လတစ်ကြိမ် သန့်ရှင်းရေးလုပ်ပေးပါ။
- အကယ်၍ သင်သည်ရက်ပေါင်းများစွာ အိမ်တွင်ရှိမနေပါက ရေခဲသေတ္တာထဲတွင် အအေးခံထားရန် တစ်ခုခုရှိမနေလျှင် စွမ်းအင်ချွေတာခြင်းအတွက် ပလတ်ကို ဖြုတ်ထားပါ။
- အထူးသဖြင့် တပ်ဆင်ပြီးနောက်ပိုင်းတွင် ရေခဲသေတ္တာ၏ အပြင်နံရံသည် တစ်ခါတစ်ရံ ပူနွေးနိုင်သည်။ ၄င်းသည် ပုံမှန်လုပ်ငန်းစဉ်ဖြစ်ပြီး ပါဝင်သည့် ကြူသေညီ မပနမ ဏငစန ဖြစ်သောကြောင့် ချွေးထွက်ခြင်းကိုကာကွယ်ပေးပြီး အပူကိုထုတ်လွှတ်ပေးသည်။
- စိုထိုင်းဆမြင့်မားသော ဥပမာအားဖြင့် မိုးရာသီအချိန်အခါတွင် ရေခဲသေတ္တာမျက်နှာပြင်ပေါ် အထူးသဖြင့် တံခါး၏ ရော်ဘာကွင်း ဂတ်စကတ်နေရာအနှံ့တွင် ငွေ့ရည်များ ပေါ်ပေါက်နိုင်သည်။ ငွေ့ရည်များကို သန့်ရှင်းသော အဝတ်စဖြင့် သုတ်ပေးပါ။
- တံခါးများကို အထူးသဖြင့် ပူအိုက်သော၊ စိုထိုင်းသော ရာသီဥတုအချိန်အခါတွင် လိုအပ်သည်ထက် ပို၍အချိန်ကြာမြင့်စွာ ဖွင့်မထားပါနှင့်။

## အစားအစာများ သိုလှောင်သောအခါ









- ရေခဲသေတ္တာထဲတွင် ပူနွေးသောအစားအစာများ မထားရ။
- အစားအစာများ ကွာဟမှုအကြား ထောက်ပံ့ပေးရမည့် အအေးခံအကျိုးသက်ရောက်မှုကို ထိန်းသိမ်းရန် ရေခဲသေတ္တာကို ပြည့်ကြပ်သည်အထိ မထည့်ပါနှင့်။
- သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို ဟင်းသီးဟင်းရွက်ခန်းတွင် သိုထားပါ။ အစိုဓာတ်သည် အချိန်ကြာရှည်စွာ အစားအစာအရည်အသွေးကို ထိန်းသိမ်းပေးသည်။
- အနံ့ညစ်ညမ်းမှုမှကာကွယ်ရန် သောက်သုံးရေ၊ အဖျော်ယမကာပုလင်းများကို အဖုံးလုံအောင် ပိတ်ထားရမည်။
- ဟင်းသီးဟင်းရွက်၊ သစ်သီးနှင့် လတ်ဆတ်သောအစားအစာစသည့် အစားအစာများကို အေးခဲစေခြင်း နှင့် အအေးရိုက်ခြင်းမပြုလုပ်မီ ထုပ်ပိုးထားသင့်သည်။
- အချိန်ကြာမြင့်စွာ သိမ်းဆည်းထားလိုသော အသား သို့မဟုတ် ငါးများကဲ့သို့သော အစားအစာများကို ရေခဲခံအခန်းတွင်ထည့်ထားပါ။
- အရည်ရွှမ်းသော အစားအစာများကို တင်းကျပ်သောအဖုံးများ၊ ပလတ်စတစ် သို့မဟုတ် သတ္တုလွှာများဖြင့် ဖုံးအုပ်ထားပါ။
- ပူသောအစားအစာများကို ရေခဲသေတ္တာထဲ မသိမ်းဆည်းမီ အခန်းအပူချိန်အားဖြင့် ဦးစွာအေးအောင်ထားရှိပါ။

## အထူးလုပ်ဆောင်ချက်

### 1) ECONAVI

ECONAVI စနစ်လုပ်ဆောင်သော မိုက်ခရိုချစ်ပ်သည် အဓိကထိန်းချုပ်ဘုတ်နှင့် ပေါင်းစပ်ထားသည်။ ရေခဲသေတ္တာ၏ အသုံးပြုမှုကြိမ်နှုန်း (တံခါးဖွင့်ခြင်းနှင့် ပိတ်ခြင်း) ကို ရှာဖွေဖော်ထုတ်ခြင်းအားဖြင့် နဃဥပြဋ္ဌာသိန သည် စွမ်းအင်ချွေတာရန် အလိုအလျောက် အလုပ်လုပ်သည်။


### 2) INVERTER

အခန်းအတွင်းရှိ အပူချိန်ပြောင်းလဲမှုနှင့်အညီ ဖိသိပ်စက်၏ မော်တာမှာ ကွဲပြားခြားနားသောအမြန်နှုန်းဖြင့် လည်ပတ်သည်။ တည်ငြိမ်သောအပူချိန်တွင် မော်တာသည် အနိမ့်ဆုံးသော အမြန်နှုန်းဖြင့် လည်ပတ်သည် (စွမ်းအင်ချွေတာခြင်းနှင့် အနိမ့်ဆူညံသံ)။ အားကောင်းသော အအေးခံရန် လိုသောအခါ မော်တာသည် ပိုမိုမြန်သောနှုန်းဖြင့် လည်ပတ်သည်။

# အသုံးပြုမှုအတွက် ကြိုတင်သတိပြုရန်


## တပ်ဆင်ထားရှိခြင်းအတွက် လိုအပ်သော အကွာအဝေး

- ရေခဲသေတ္တာထိပ်နှင့် မျက်နှာကြက်ကြား အကွာအဝေးသည် အနည်းဆုံး ၃၀ စင်တီမီတာ
- ရေခဲသေတ္တာနောက်ကျောနှင့် နံရံကြား အကွာအဝေးသည် အနည်းဆုံး ၁၀ စင်တီမီတာ
- ရေခဲသေတ္တာဘေးမျက်နှာပြင်များနှင့် နံရံကြား အကွာအဝေးသည် အနည်းဆုံး ၅ စင်တီမီတာ




## တပ်ဆင်ယူနစ် အနီးဝန်းကျင်ဧရိယာ

- ရေခဲသေတ္တာကို စိုစွတ်သောနေရာတွင် မထားပါနှင့်။ သံချေးတက်ခြင်းဖြစ်ပြီး လျှပ်စစ်ယိုစိမ့်မှုဖြစ်စေနိုင်သည်။
- ရေခဲသေတ္တာကို နေရောင်နှင့်တိုက်ရိုက်ထိတွေ့နိုင်သောနေရာတွင် မထားပါနှင့်။ နေရောင်နှင့် အပူသည် ရေခဲသေတ္တာ၏ အပူချိန်ကိုမြှင့်တက်စေနိုင်သည်။
- ရေခဲသေတ္တာကို ချက်ပြုတ်သောမီးဖို သို့မဟုတ် ဒယ်အိုးကဲ့သို့သော အပူရှိသည့် နေရာအနီးတွင် မထားပါနှင့်။
- ရေခဲသေတ္တာတံခါးများ အနီးတွင် ပိတ်ဆို့နိုင်သောအရာများမထားပါနှင့်။
- ရေခဲသေတ္တာကို လေဝင်လေထွက်ကောင်းမွန်သောနေရာတွင် ထားရှိရမည်။
- ရေခဲသေတ္တာကို မညီညာသော မျက်နှာပြင်ပေါ်တွင် နေရာချပါက ရေခဲသေတ္တာတည်ငြိမ်စေရန် ချိန်ညှိနိုင်သောမင်းတုပ်ကို ချိန်ညှိပေးပါ။



## နေရာပြောင်းခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်း

- ရေခဲသေတ္တာကို နေရာပြောင်းရွှေ့သောအခါ ရေခဲတုံးခွက်၊ ရေခဲထည့်ခွက်၊ ရေငွေ့ပျံအိုး စသည်တို့ကို ဖယ်ရှားပြီး ရေခဲသေတ္တာထဲတွင် ရေများရှိမနေစေရန် သေချာစစ်ဆေးပါ။


## ပါဝါကြိုးတပ်ဆင်ခြင်း

- အသုံးပြုမည့်ပါဝါကြိုးကိုရယူရန် ရေငွေ့ပျံအိုးကို ဘယ်ဖက်မှ အထက်သို့ မထားပေးရမည်။ ပါဝါကြိုးကို အပြင်သို့ဆွဲယူပြီး ဘေးနှစ်ဘက်လုံးကို ဖိနှိပ်ခြင်းဖြင့် အကွက်ထဲသို့ ရေငွေ့ပျံအိုးကို ထည့်သွင်းလိုက်ပါ။

## LED မီးခွက်နှင့် မြေစိုက်ကြိုးချခြင်း

- ရေခဲသေတ္တာ LED မီးခွက်သည် ၄င်းအတွက် အထူးဒီဇိုင်းပြုလုပ်ထားခြင်းကြောင့် တစ်ခုချင်းစီ အစားထိုးခြင်းပြုလုပ်၍ မရပါ။ အစားထိုးလိုပါက Panasonic ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်မေးမြန်းပါ။
- ရေခဲသေတ္တာထဲတွင် မြေစိုက်ကြိုးငုတ်မပါရှိလျှင် လျှပ်စစ်ယိုစိမ့်မှုမှ လျှပ်စစ်အန္တရာယ် ကာကွယ်ရန် ၄င်းကို မြေစိုက်ကြိုးနှင့် ချိတ်ဆက်ထားသင့်သည်။


# အစိတ်အပိုင်းများအကြောင်း ရှင်းပြခြင်း




ထုတ်ကုန်၏ အနောက်ဘက်မြင်ကွင်း


# Temperature control

ရေခဲသေတ္တာအခန်း၏ အပူချိန်ပြောင်းလဲသည့်အခါ REFRIGERATOR TEMP.CONTROL ကို အသုံးပြုပါ။




| ရေခဲသေတ္တာအခန်း၏ အပူချိန်ထိန်းချုပ်မှု | |
|---|---|
| “1” | “2” ထက်ပိုမိုမြင့်မားသော ခန့်မှန်းခြေအားဖြင့် 2°C – 3°C |
| “2” | ခန့်မှန်းခြေအားဖြင့် 3°C – 5°C |
| “3” | “2” ထက်နိမ့်သော ခန့်မှန်းခြေအားဖြင့် 2°C – 3°C |


လေအေးပေးစက်ကို ပြောင်းလဲသည့်အခါ COLD AIR CONTROL ကို အသုံးပြုပါ။




| လေအေးထိန်းချုပ်မှု | |
|---|---|
| “REFRIGE.MAX” | ရေခဲသေတ္တာအခန်းသည် ဦးစားပေးလိုအပ်သည်။ |
| “NORMAL” | လေအေးစက်သည် ပုံမှန်ဖြစ်သည်။ |
| “FREEZER MAX” | ရေခဲခံသေတ္တာအခန်းသည် ဦးစားပေးလိုအပ်သည်။ |

မှတ်ချက် – ရေခဲသေတ္တာ၏ အပူချိန်သည် ပတ်ဝန်းကျင်၊ အခန်းအပူချိန်နှင့် အစားအစာသိုလှောင်မှုပမာဏပေါ်မူတည်သည်။

# အသုံးပြုရန် အကြံပြုချက်များ




**အေးခဲခြင်း**

"အစားအစာများကို အချိန်ကြာမြင့်စွာ သိုလှောင်ထားမည်ဆိုလျှင် ...."

အေးခဲနေသော သို့မဟုတ် ခြောက်သွေ့သော အစားအစာများကို သိုလှောင်ရန်။



**အအေးခံခြင်း**

"အစားအစာနှင့် သောက်စရာများကို အလွယ်တကူ ဝန်ဆောင်မှုပေးရန် ...."


အစားအစာနှင့် သောက်စရာများကို ပုံမှန်သိုလှောင်ရန် သို့မဟုတ် မကြာမီဝန်ဆောင်မှုပေးမည့် အစားအသောက်များအား ယာယီသိုလှောင်ရန်။



**ဟင်းသီးဟင်းရွက်ထည့်စရာအကန့်**

"ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ"

စိုထိုင်းဆမြင့်မားခြင်းသည် သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို လတ်ဆတ်ပြီးအရည်ရွှမ်းစေသည်။





**လေလုံအောင်ပိတ်ထားသော ထည့်စရာကိုအသုံးပြုပြီး သိုလှောင်ရန် အကြံပြုသည်။**




- ရှောက်သီးကို ပိုင်းဖြတ်ပါ။
(ပလပ်စတစ်အဖြူရောင် အရောင်ပြောင်းသွားလိမ့်မည်။ )




- ကြက်သွန်ဖြူ သို့မဟုတ် အခြားအနံ့ပြင်းသော ဟင်းသီးဟင်းရွက်များ
(အနံ့သည် အခြားအနီးနားရှိ အစားအစာများသို့ ပျံ့နှံ့သွားနိုင်သည်)

# ရေခဲတုံးပြုလုပ်နည်း


## အဆင့်ဆင့်

၁။ ရေခဲပြုလုပ်သောခွက်ထဲသို့ ရေအပြည့်ဖြည့်ပါ။

၂။ ရေခဲပြုလုပ်သောခွက်ကို ရေခဲခံအခန်းထဲသို့ထည့်ပြီး ရေခဲသည်အထိထားပါ။

၃။ ရေခဲတုံးများကိုဖယ်ရှားရန် ဘယ်လက်ဖြင့်ကိုယ်ထည်ကို ထိန်းထားပြီး ညာလက်ဖြင့် ရေခဲပြုလုပ်သောခွက်၏ ဒိုင်ခွက်ကို လက်ယာရစ်လှည့်ပါ။ ရေခဲပုံးထဲသို့ ရေခဲတုံးများ ကျသွားလိမ့်မည်။

**မှတ်ချက်** – ရေခဲပြုလုပ်ရန်အတွက် ရေခဲပုံးထဲ ရေမထည့်ပါနှင့်။ တစ်နည်းအားဖြင့် ရေခဲပုံးကို အက်ကွဲစေနိုင်သည်။



# ရေခဲသေတ္တာအား သန့်ရှင်းအောင်ပြုလုပ်ပုံ




**1** **အတွင်းပိုင်း သန့်ရှင်းပုံ**

အစွန်းအထင်းကို နွေးသောရေဖြင့် သုတ်ပါ။ အစွန်းအထင်းများကို အလွယ်တကူ မဖယ်ရှားနိုင်ပါက ရေနွေးနှင့်ဆပ်ပြာကိုသုံးပြီး ပျော့ပျောင်းသောအထည်ဖြင့် ဆေးကြောပါ။ ထို့နောက် စိုစွတ်ပျော့ပျောင်းသော အဝတ်ဖြင့် ဆပ်ပြာကို သုတ်ပစ်ပါ။


**2** **အပြင်ပိုင်း သန့်ရှင်းပုံ**

ရေနွေးနှင့်ဆပ်ပြာဖြင့် ပျော့ပျောင်းသောအထည်ကိုအသုံးပြု၍ သန့်ရှင်းအောင် လုပ်ပါ။ ထို့နောက် ဆပ်ပြာကို နူးညံ့ပျော့ပျောင်းသော အဝတ်နှင့် သုတ်ပါ။

**3** **ဂွတ်စကတ်တံခါး** FC/PC

- ညင်ညင်သာသာသုတ်ခြင်းဖြင့် သန့်ရှင်းပါ။ ဤဧရိယာသည် ရေခဲသေတ္တာ ကိုယ်ထည်ကို ပွတ်တိုက်မှုဖြစ်ခြင်းမှ လျှော့ချပေးရန် ရေနံဂျယ်လီကို သုတ်လိမ်းထားသည်။ ၎င်းတို့ကို မသုတ်မိစေရန် သတိပြုပါ။
- တံခါးရော်ဘာကွင်းသည် သက်တန်းကုန်ဆုံးသွားသည့်အခါ ပြန်လည်အစားထိုးနိုင်ပါသည်။ သန့်ရှင်းရေးပြုလုပ်နေစဉ် အပြင်ထွက်လာပါက မြောင်းကြောင်းထဲသို့ ပြန်တွန်းထည့်ပေးပါ။

**မှတ်ချက်** – အောက်ဖော်ပြပါ ပစ္စည်းများကို မသုံးပါနှင့်။ (တစ်နည်းအားဖြင့် မျက်နှာပြင်ကို ပွန်းပဲ့စေနိုင်သည်။)





မီးဖိုချောင်သုံး ချေးချွတ်ဆေးများ (ပလပ်စတစ်ကို အက်ကွဲစေသည်) | သန့်စင်ဆေး သို့မဟုတ် ဆပ်ပြာမှုန့် | အရက်ပျံ၊ သင်နာ၊ အရက်၊ အက်စစ်၊ ရေနံ | အိုးတိုက်စ | ရေပူ

### သန့်ရှင်းရေးအတွက် PC/FC ဖန်အောက်ခံဗန်းကို ဖယ်ရှားခြင်း

- **ဖယ်ရှားခြင်း**

  ၁။ ဗန်းကို အပေါ်သို့မလိုက်ပြီး အပြင်ရောက်သည်အထိ ဆွဲထုတ်ပါ။





- **တပ်ဆင်ခြင်း**

  ၂။ ဗန်းကို အထောက်နှစ်ခုလုံး ပေါ်တင်ပြီး အဆုံးရောက်သည်အထိ တွန်းထည့်ပါ။

### သန့်ရှင်းရေးအတွက် ကြက်ဥထည့်စရာစင်၊ အောက်ခြေစင်နှင့် စင် FC ကိုဖယ်ရှားခြင်း

- **ဖယ်ရှားခြင်း**

  ၁။ ဘယ်၊ညာနှစ်ဖက်လုံးကို တစ်ပြိုင်တည်း အပေါ်သို့ မတင်ပါ။





- **တပ်ဆင်ခြင်း**

  ၂။ အထောက်နှစ်ခုလုံးပေါ်တင် ထားပြီး အဆုံးရောက်သည်အထိ ဖိထည့်ပါ။

# ရေခဲသေတ္တာအား သန့်ရှင်းအောင်ပြုလုပ်ပုံ

## သန့်ရှင်းရေးအတွက် Tanto ဗန်ဗန်းအား ဖယ်ရှားခြင်း




- ဖယ်ရှားခြင်း

  ၁။ Tanto ဗန်း၏ အရှေ့ပိုင်းကို အနည်းငယ်ပင့်မပြီး Tanto ဗန်းကို အပြင်ရောက်သည်အထိ ရှေ့သို့ဆွဲထုတ်ပါ။
- တပ်ဆင်ခြင်း

  ၂။ ၄င်းကို အထောက်နှစ်ခုလုံးပေါ်တင်ထားပြီး အဆုံးရောက်သည်အထိ ထည့်ပါ။


**မှတ်ချက်** – ဟင်းသီးဟင်းရွက်ထည့်စရာပုံးအပေါ်ရှိ Tanto ဗန်းကို ဖယ်ရှားသောအခါ ဟင်းသီးဟင်းရွက်ထည့်စရာပုံးကို (အောက်ဖော်ပြပါအတိုင်း လိုက်နာပါ) ဦးစွာဖယ်ရှားပြီး အထက်ပါအသေးစိတ်အချက်အလက်များအတိုင်း Tanto ဗန်းကို ဖယ်ရှားပါ။

## သန့်ရှင်းရေးအတွက် ဟင်းသီးဟင်းရွက်ထည့်စရာအကန့်အား ဖယ်ရှားခြင်း

- ဖယ်ရှားခြင်း

  ၁။ အကန့်ကို အပိတ်အဆုံး ရောက်သည်အထိ ဆွဲထုတ်ပါ။


  ၂။ အကန့်၏ ရှေ့ပိုင်းကို အနည်းငယ်ပင့်မပြီး အပြင်ထိ ဆွဲထုတ်ပါ။





- တပ်ဆင်ခြင်း

  ၁။ အကန့်ကို အထောက် နှစ်ခုလုံးပေါ်တွင် တင်ထားပါ။

  ၂။ အဆုံးရောက်သည်အထိ အကန့်ကို တွန်းထည့်ပါ။




**မှတ်ချက်** – သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို ထိန်းသိမ်းရန်နှင့် ၄င်းတို့၏ ဗီတာမင်ဓာတ်များထိန်းသိမ်းထားရန် အလုံပိတ်ရော်ဘာပေါင်္ဂ ညေအသ ဗန်းကို ဟင်းသီးဟင်းရွက်ထည့်စရာပုံးအတွင်း အမြဲမှန်ကန်စွာတပ်ဆင်ထားပါ။





## သန့်ရှင်းရေးအတွက် ရေငွေ့ပျံအိုးကို ဖယ်ရှားခြင်း

- ဖယ်ရှားခြင်း

  ၁။ ရေငွေ့ပျံအိုးကို အပေါ်သို့ အနည်းငယ် တိမ်းစောင်းပေးပြီး ရေငွေ့ပျံအိုးချိတ်မှ ရေငွေ့ပျံအိုးအပေါက်သို့ ပွင့်သွားသည်အထိ အပေါ်သို့မတင်ပါ။

  ၂။ ရေငွေ့ပျံအိုးကို ပိုက်နှင့် ထိသည်အထိ ဆွဲထုတ်ပြီး ပိုက်အောက်မှ ဂရုတစိုက်ထုတ်ယူပါ။





- တပ်ဆင်ခြင်း

  ၁။ ရေငွေ့ပျံအိုးကို ပိုက်အောက်တွင် ထည့်ပါ။

  ၂။ ရေငွေ့ပျံအိုးအပေါက်ကို ရေငွေ့ပျံအိုးချိတ်နှင့် ချိတ်ဆက်မိအောင် နှစ်ဖက်လုံးကို ဖိမ၍ ထည့်ပါ။

**မှတ်ချက်** – ပိုက်သည် ရေငွေ့ပျံအိုးနှင့် ထိမနေစေရန် စစ်ဆေးပါ။



# ပြဿနာအား ရှာဖွေရှင်းပေးခြင်း

**ဝန်ဆောင်မှုအတွက် ခေါ်ဆိုမှုမပြုမီ အောက်ပါပစ္စည်းများကို စစ်ဆေးပါ။**

**ရေခဲသေတ္တာ လည်ပတ်မှု မရှိတော့ပါ။**

- ပလတ်နှင့် ၎င်း၏ပလတ်ပေါက် အခြေအနေကောင်းမွန်ကြောင်းစစ်ဆေးပါ။
- အိမ်၏အဓိကဖျူးကြိုးနှင့် လျှပ်စစ်စနစ်တို့တွင် ပြဿနာရှိ၊မရှိစစ်ဆေးပါ။
- ပလတ်ဖြုတ်စစ်ဆေးပြီး ၎င်းကိုပြန်လည်တပ်ဆင်ခြင်းမပြုမီ ၅ မိနစ်စောင့်ပါ

**ရေခဲသေတ္တာသည် လုံလောက်သော အအေးဓာတ်မပေးပါ။**

- အပူချိန်ထိန်းချုပ်ခလုတ်သည် သင့်တော်သည့်အနေအထားတွင်ရှိ၊မရှိစစ်ဆေးပါ။
- ရေခဲသေတ္တာတွင် ပစ္စည်းပစ္စယ များလွန်းနေမှု သို့မဟုတ် ပူပြင်းသောအစားအစာတစ်ခုခုကို အအေးခံထားမှုရှိ၊မရှိစစ်ဆေးပါ။
- ရေခဲသေတ္တာသည် နေရောင်ခြည် သို့မဟုတ် အပူအရင်းအမြစ်များကို တိုက်ရိုက်ထိတွေ့မှု ရှိပါသလား။
- ရေခဲသေတ္တာတံခါးကို လုံအောင်ပိတ်ထားပါသလား။
- ရေခဲသေတ္တာတံခါးကို မကြာခဏဖွင့်ထားပါသလား။

**နှင်းပေါက်၊ နှင်းခဲ ပေါ်ပေါက်လာသည်။**

**အပြင်ပိုင်း**

- ပတ်ဝန်းကျင်စိုထိုင်းဆများလွန်းလျှင် တံခါး၏ဂတ်စကတ်တွင် နှင်းပေါက်များရှိနိုင်သည်။ လေထုစိုထိုင်းဆလျော့နည်းသွားလျှင် ဤအခြေအနေရပ်တန့်သွားလိမ့်မည်။ ခြောက်သွေ့သောအဝတ်ဖြင့် သုတ်ပေးပါ။

**အတွင်းပိုင်း**

- တံခါးကို လုံအောင်ပိတ်ထားပါသလား။
- တံခါးကို မကြာခဏအဖွင့်၊ အပိတ်ပြုလုပ်ပါသလား။
- အလွန်မြင့်မားသော ရာသီဥတုစိုထိုင်းဆ၊ အချိန်ကြာမြင့်စွာဖွင့်လှစ်ထားခြင်း သို့မဟုတ် ရေခဲများလွန်းသောအခါ ရေခဲစက်အခန်းတွင်း၌ အေးခဲနေသော ဆီးနှင်းပေါ်လာနိုင်သည်။ ၎င်းသည် ပုံမှန်ဖြစ်ပြီး ခြောက်သွေ့ပျော့ပျောင်းသော အဝတ်ဖြင့် သုတ်ပေးပါ။



**ရေခဲသေတ္တာမှ အသံထွက်ပေါ်လာသည်။**

- ရေခဲသေတ္တာသည် တည်ငြိမ်သော ကြမ်းပြင်ပေါ်တွင် ထားရှိထားခြင်းရှိ၊မရှိ သို့မဟုတ် စနစ်တကျ တင်ဆင်ထားခြင်းရှိ၊မရှိစစ်ဆေးပါ။
- ရေခဲသေတ္တာနှင့် ထိနေသော အရာဝတ္ထုတစ်ခုခု ရှိ၊ မရှိ စစ်ဆေးပါ။
- ရေငွေ့ပျံအိုးသည် ပိုက်နှင့် ထိတွေ့မှု ရှိ၊ မရှိ စစ်ဆေးပါ။

**အစားအစာများ အေးခဲလာသည်။**

- အစားအစာကို အေးသော လေပေါက်များအနီးတွင် ထားပါသလား။
- အပူချိန်ထိန်းချုပ်မှုကို “Max” အဖြစ် ချိန်ညှိထားပါသလား။ “Min” အဖြစ် ချိန်ညှိထားပါသလား။
- ထိပ်တန်းလတ်ဆတ်စေသောအခန်းတွင် အစားအစာသိုလှောင်ထားပါသလား။

**အတွင်းခန်းတွင် အနံ့ဆိုးရသည်။**

- အစားအစာများကို ထုပ်ပိုးထားမှုမရှိသော အနံ့ပြင်းခြောက်သွေ့သောအစားအစာများနှင့် သိုလှောင်ထားပါသလား။

**ရေခဲသေတ္တာမျက်နှာ ပြင်များ ပူနွေးနေသည်။**

- ရေခဲသေတ္တာတွင် နှင်းကာကွယ်ခြင်းနှင့် အပူထုတ်ပြွန်များ တပ်ဆင်ထားသောကြောင့် စက်လည်ပတ်ချိန်တွင် ရေခဲသေတ္တာ၏မျက်နှာပြင်များ ပူနွေးလာသည်။
- နောက်ကျောနှင့် ဘေးအကာအရံများသည် အထူးသဖြင့် စတင်လည်ပတ်ချိန် သို့မဟုတ် တံခါးကို မကြာခဏ အဖွင့်၊အပိတ်ပြုလုပ်သောအခါတွင် ပို၍ပူနွေးလာသည်။

# ပြဿနာအား ရှာဖွေရှင်းပေးခြင်း

| | |
|---|---|
| ရေခဲသေတ္တာ၏ ပုံမှန်အသံများ | ● ရေခဲသေတ္တာစတင်လည်ပတ်ချိန်တွင် စီးဆင်းနေသောရေသံနှင့် ပွက်ပွက်ဆူနေသော ရေသံကဲ့သို့ အသံဖြစ်ပေါ်သည်။ ဤသည် အရည်ကိုအေးခဲစေသော အသံဖြစ်သည်။<br>● အလိုအလျောက်ရေခဲမှုစနစ်လည်ပတ်သောအခါ ဆူညံသံထွက်ပေါ်လာသည်။<br>● ရေခဲသေတ္တာအတွင်း အသေးစိတ်အအေးဓာတ်ဖြန့်ဖြူးခြင်းဖြစ်စဉ်တွင် အက်ကွဲသံဖြစ်ပေါ် စေနိုင်သည်။<br>● အောက်ဖော်ပြပါအခြေအနေများတွင် compressor သည်မြန်နှုန်းမြင့်သောကြောင့် လည်ပတ်မှုအသံသည် ပိုကြီးသည်ဟု သင်ခံစားရပေမည် – ရေခဲသေတ္တာကို ပထမဦးဆုံး စတင်လည်ပတ်ခြင်းကဲ့သို့သော အခြေအနေတွင် ရေခဲသေတ္တာသည် အပြည့်အဝ မအေးခြင်း၊ တံခါးကို မကြာခဏဖွင့်ခြင်း၊ပိတ်ခြင်း၊ ပတ်ဝန်းကျင်အပူချိန်မြင့်မားခြင်း။ အပြည့်အဝအေးပြီးနောက်ပိုင်း အသံသည်ပို၍ တိတ်ဆိတ်လာသည်။ |
| မီးခွက်သည် မီးမလင်းပါ။ | ● Panasonic ဝန်ဆောင်မှုစင်တာကို ဆက်သွယ်ပါ။ |

# ခွဲခြားဖော်ပြပေးခြင်း

| မော်ဒယ်အမှတ် | | **NR-BL263** |
|---|---|---|
| ရေခဲသေတ္တာအဆင့်သတ်မှတ်ချက် | | ✱✱✱ |
| ဆံ့သောပမာဏ | စုစုပေါင်း | 234 |
| | ရေခဲခံသေတ္တာ | 75 |
| | ရေခဲသေတ္တာ | 159 |
| အပြင်ပိုင်း အတိုင်းအတာ<br>အလျား × အနံ × အမြင့် (မီလီမီတာ) | | 600 x 611 x 1449 |
| အသားတင်အလေးချိန် (ကီလိုဂရမ်) | | 41 |
| ရေခဲစေသောအမျိုးအစား | | R600a |
| အဆင့်သတ်မှတ်ထားသောဗို့အား (V)<br>အဆင့်သတ်မှတ်ထားသောကြိမ်နှုန်း (Hz) | | စက်ပစ္စည်းအတွင်း ထည့်သွင်းထားသော အဆင့်သတ်မှတ်ချက်တံဆိပ်ကို ကိုးကားပါ။ |

Panasonic Corporation
Website: http://www.panasonic.com

© Panasonic Appliances Vietnam Co., Ltd. 2020